မေလ ၂၀၁၅

**“သို့ရာတွင် သနားကရုဏာနှင့်ကြွယ်ဝပြည့်စုံသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသည့် ကြီးမားသောချစ်ခြင်းမေတ္တာတော်ကြောင့်၊ မိမိတို့၏ထိခိုက်ကျူးလွန်မှုများဖြင့် သေခဲ့ကြပြီးသော ငါတို့ကိုခရစ်တော်နှင့်အတူ အသက်ပြန်ရှင်စေတော်မူခဲ့၏”(ဧဖက် ၂း၄–၅)**

ဘုရားသခင်က ဆိုင်းနိုင်းတောင်ပေါ်တွင် မောရှေအားထင်ရှားပြခဲ့စဉ် “ထာဝရဘုရား၊ ချစ်သနားခြင်း၊ မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုတတ်ခြင်း သစ္စာစောင့်သိခြင်းနှင့်ကြွယ်ဝတော်မူသောဘုရားသခင်အဖြစ်ကျေညာခဲ့ပါသည် (ထွက်မြောက်ရာ ၃၄း၆)။ သနားခြင်းကရုဏာချစ်ခြင်းမေတ္တာ၏ သဘောသဘာဝကိုဖေါ်ပြဖို့ရန်အတွက် ဟီဘရူးကျမ်းဟာထဲတွင် (ရဟာမင်) မိခင်၏ဝမ်းကြာတိုက်၊ အသက်အစပြုရာနေရာဟူ၍ သုံးနှုန်းထားပါသည်။ သနားခြင်းကရုဏာနှင့်ပြည့်စုံသောဘုရားဖြစ်ကြောင်းသိစေရန် မိခင်သည် သူ၏ကလေးအတွက် စိုးရိမ်တတ်သည့်အလား ကိစ္စရပ်တစ်ခုစီတိုင်းတွင် သူသည်စိုးရိမ်ပေးကြောင်း ဖေါ်ပြပါသည်။ သူသည် ကူညီစောင့်ရှောက်သည်၊ အနားမှာရှိသည်၊ ကာကွယ်ပေးသည်၊ သူ၏ဖန်ဆင်းခံအရာအားလုံးကို ကြည့်ရှုတော်မူပါသည်။ သစ္စာစောင့်သိခြင်း၊ စေတနာရှိခြင်း၊ ကောင်းမြတ်ခြင်း၊ စည်းလုံးညီညွှတ်မှုရှိခြင်းတို့ဖြင့်ပြည့်စုံသော သနားခြင်းကရုဏာဖြစ်သည့် ထိုချစ်ခြင်းမေတ္တာတော်ကိုဖေါ်ကျူးရန်အလို့ငှာ ကျမ်းစာက (*ḥesed*) ဆိုသောဝေါဟာရကို ထပ်ပြီးအသုံးပြုထားပါသည်။

မာရိယာသည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရာတွင် “ကိုယ်တော်၏ကရုဏာတော်သည် မိမိကိုကြောက်ရွံ့ရိုသေသောသူတို့အပေါ်သို့ သားစဉ်မြေးဆက် သက်ရောက်၏” ဟု ဆိုခဲ့ပါသည်။ (လုကာ ၁း၅၀ တွင်ရှု)

ခမည်းတော်သည် ကျွန်ုပ်တို့၏လိုအပ်ချက်များအားလုံးအတွက် နီးကပ်စွာရှိနေပြီး စောင်မကူညီလိုကြောင်း၊ အပြစ်တို့မှခွင့်လွှတ်လိုကြောင်းနှင့် ကျွန်ုပ်တို့လိုအပ်သမျှကို ပေးရန်အသင့်ရှိကြောင်းကို “သင်တို့သည် ကောင်းသူဆိုးသူတို့အပေါ်၌မိမိ၏နေကိုထွက်စေတော်မူ၍ဖြောင့်မတ်သူ၊ မဖြောင့်မတ်သူတို့အပေါ်၌ မိုးကိုရွာစေတော်မူသော ကောင်းကင်ဘုံ၌ရှိတော်မူသည့် သင်တို့အဖ၏သားသမီးများဖြစ်ကြလိမ့်မည်။” ဟူ၍ သခင်ယေရှုကိုယ်တော်တိုင်က ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အကြောင်းကို မိန့်တော်မူခဲ့ပါသည်။ (မာတေဦး ၅း၄၅)

ဘုရားရှင်၏ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့အတွက် အသက်ပေးသည့်နှုတ်တော်ထွက်စကားအဖြစ် ပေးသော ဖေက်မြို့သားတို့ထံရေးသောစာထဲတွင် ပြောထားသကဲ့သို့ပင် ကေန်အမှန်ကြွယ်ဝ၍ ကြီးမြတ်တော်မူပါသည်။

**"သို့ရာတွင် သနားကရုဏာနှင့်ကြွယ်ဝပြည့်စုံသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသည့် ကြီးမားသောချစ်ခြင်းမေတ္တာတော်ကြောင့်၊ မိမိတို့၏ထိခိုက်ကျူးလွန်မှုများဖြင့် သေခဲ့ကြပြီးသော ငါတို့ကိုခရစ်တော်နှင့်အတူ အသက်ပြန်ရှင်စေတော်မူခဲ့၏"**

ဤနေရာတွင် ရှင်ပေါလူးပြောသည်မှာ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုခဲ့သော ထူးမြတ်လှသည့်အမှုအရာအတွက် ဝမ်းမြောက်ခြင်းဖြင့်ကြွေးကြော်သည့်နှယ်ဖြစ်၏။ ကျွန်ုပ်တို့သေဆုံးခဲ့ရသော်လည်း ကိုယ်တော်က တစ်ဖန်ရှင်ပြန်ခွင့်ကိုပေးခဲ့သည်၊ ကျွန်ုပ်တို့အား အသက်တာသစ်ကိုပေးနေခြင်းဖြစ်ပါသည်။

"သို့ရာတွင်"ဟုအစပြုဖော်ပြခြင်းက ရှင်ပေါလူးအစောပိုင်းတွင်ထောက်ပြသည့်အချက်နှင့်ကွဲပြားမှုကို ဖော်ညွှန်းနေပါသည်။ ယင်းက လူသားတို့၏အမှားပြုခြင်းနှင့်အပြစ်တို့ကြောင့်လည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်မှုနှင့်ဆိုးညစ်သောတတ်မက်မှုတို့၏အကျဉ်းသားဖြစ်ခြင်း၊ မကောင်းသောဩဇာအာဏာတို့၏အရိပ်အောက်လွှမ်းမိုးခံရခြင်း၊ ဘုရားသခင်အားပွင့်ပွင့်လင်းလင်းဆန့်ကျင်ခြင်းတို့၏အောက်ဝယ် ပျက်စီးခြင်းသို့ရောက်ရသော ဝမ်းနည်းဖွယ်ရာအခြေအနေပင်ဖြစ်သည်။ ဘုရားသခင်မှာမူအပြစ်ပေးမည့်အစား ရှင်ပေါလူးအနေဖြင့် လုံးဝအံ့ဩသွားစေသည့် ဘဝအသက်တာသစ်ကိုတစ်ဖန်ပြန်ပေးခဲ့ပါသည်။ ဘုရားသခင်က မိမိကိုယ်ကို ရက်စက်သူအဖြစ်မခံဘဲ ချစ်ခြင်းမေတ္တာရှင်နှင့် သနားကြင်နာတတ်သူအဖြစ်သာဖြစ်စေခဲ့ပါသည်။

သခင်ယေရှုက ဘုရားသခင်၏ပြုမူပုံများနှင့်ပတ်သက်ပြီး ပျောက်သောသားပုံဥပမာတွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သားငယ်ဖြစ်သူမှာ လူမဆန်သောဘဝတွင်နစ်မွမ်းခဲ့ရာမှ ပြန်လာသောအခါ ဖခင်ဖြစ်သူ၏အားပါးတရပွေ့ဖက်၍ ကြိုဆိုခြင်းကိုခံခဲ့ရပါသည်။ ကောင်းသောသိုးထိန်းပုံဥပမာတွင်လည်း ပျောက်သောသိုးကိုတွေ့အောင်ရှာပြီး ပခုံးထက်တွင်ထမ်းလျက် အိမ်သို့ပြန်ခေါ်လာကြောင်း၊ အလားတူပင်ဓါးပြတို့လက်ချက်ကြောင့် ဒဏ်ရာနှင့်လဲနေသောသူကို ကူညီပြုစုခဲ့သောကောင်းသော စမာရိတန်ပုံဥပမာတွင်လည်းတွေ့နိုင်ပါသည်။(လုကာ ၁၅း၁၁-၃၂၊ ၃-၇၊ ၁၀း၃၀၃၇ တွင်ရှု)

ဘုရားသခင်၊ သနားခြင်းကရုဏာတော်ရှင်ခမည်းတော်ဘုရား၊ ပုံဥပမာထဲတွင်ဖော်ကျူးထားသူမှာ ကျွန်ုပ်တို့အား ခွင့်လွှတ်သည်သာမက သားတော်သခင်ယေရှုအားဖြင့်လည်းကောင်း၊ ပြည့်ဝစုံလင်သော ဘုရားမြတ်၏အသက်တာကိုလည်းကောင်း ကျွန်ုပ်တို့အား ပေးဆက်ခဲ့ပါသည်။

ထို့နောက် ယင်းက ကျေးဇူးတော်ကိုချီးမွမ်းစေဖို့ဖြစ်လာခဲ့ပါသည်။

**"သို့ရာတွင် သနားကရုဏာနှင့်ကြွယ်ဝပြည့်စုံသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသည့် ကြီးမားသောချစ်ခြင်းမေတ္တာတော်ကြောင့်၊ မိမိတို့၏ထိခိုက်ကျူးလွန်မှုများဖြင့် သေခဲ့ကြပြီးသော ငါတို့ကိုခရစ်တော်နှင့်အတူ အသက်ပြန်ရှင်စေတော်မူခဲ့၏"**

ဤအသက်ပေးသောနှုတ်တော်ထွက်စကားသည် ရှင်ပေါလုနှင့် ရှေးဦးခရစ်ယာန်အသိုင်းအဝိုင်းကဲ့သို့ပင် ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့် ကျေးဇူးတင်သည့်ခံစားချက်မျိုးကိုဖြစ်စေပါသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီအားလည်း ဘုရားသခင်က သနားခြင်းကရုဏာနှင့်ကြွယ်ဝသူ၊ ကြီးမြတ်တော်မူသောချစ်ခြင်းမေတ္တာအဖြစ်ဖော်ပြလျက် ခွင့်လွှတ်ရန်နှင့် ယုံကြည်မှုတစ်ဖန်ချပေးသွန်းလောင်းရန် အသင့်ရှိပါသည်။ အပြစ်အတွက်၊ ဒုက္ခဝေဒနာခံစားရခြင်းအတွက်၊ အထီးကျန်ဆန်ခြင်းအတွက်၊ ဘုရားရှင်ကိုယ်တော်တိုင်မရှိခြင်း၊ ကျွန်ုပ်တို့လျှောက်ရာလမ်းတစ်လျှောက်တွင်အတူမရှိခြင်း၊ ကျွန်ုပ်တို့အားယုံကြည်မှုကိုမပေးတော့ခြင်းစသည့် အခြေအနေမျိုးမရှိဘဲ ရှင်ပြန်ထမြောက်ဖို့ရန်နှင့် တစ်ဖန်အစပြုဖို့ခွန်အားကို ဖြစ်စေပါသည်။

လွန်ခဲ့သည့် ၂ နှစ်က မတ်လ ၁၇ ရက်နေ့က ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည် သူ၏ ပထမဆုံး အန်ဂျေလုမေတ္တာဆိုချိန်တွင် ဘုရားသခင်၏သနားခြင်းကရုဏာတော်အကြောင်းကို မြွက်ကြားခဲ့ခြင်းဖြင့် ယင်းက အရှင်သူမြတ်၏ အမှတ်လက္ခဏာဖြစ်လာခဲ့ပါသည်။ ထိုစဉ်က "ဘုရားသခင်၏မျက်နှာတော်သည် သနားကရုဏာရှင်အဖ၏မျက်နှာတော်ဖြစ်၍အစဉ်သည်းခံတတ်၏ . . . သူသည်ကျွန်ုပ်တို့ကို နားလည်ပေး၏၊ ကျွန်ုပ်တို့ကို စောင့်တော်မူ၏၊ ကျွန်ုပ်တို့အားမငြီးမငြူ ခွင့်လွှတ်တော်မူ၏" ဟုမိန့်တော်မူခဲ့ပါသည်။ သူ၏ နှုတ်ဆက်စကားပထမပိုင်းတွင် ဘုရားသခင်သည် အစဉ်ခွင့်လွှတ်တော်မူသော ချစ်ခြင်းမေတ္တာတော်ရှင် အဖခမည်းတော်ဖြစ်၍ကျွန်ုပ်တို့အားလုံးကို သနားခြင်းကရုဏာထားသော နှလုံးသားရှိတော်မူ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်လည်း လူတိုင်းအပေါ် သနားခြင်းကရုဏာထားတတ်ဖို့ သင်ယူကြပါစို့" ဟု အဆုံးသတ်မိန့်ကြားခဲ့ပါသည်။

အဆိုပါအချက်က အသက်ပေးသည့်နှုတ်တော်ထွက်စကားကို ကျင့်ကြံလိုက်လျှောက်ဖို့လက်တွေ့ကျသောလမ်းပင်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့အဖို့ ဘုရားသခင်သည် သနားခြင်းကရုဏာနှင့် ကြီးမြတ်လှသောချစ်ခြင်းမေတ္တာဖြင့် ကြွယ်ဝတော်မူသည်ဆိုပါလျှင် ကျွန်ုပ်တို့ကိုလည်း အခြားသူများအပေါ် ကရုဏာထားဖို့တောင်းဆိုနေခြင်းဖြစ်ပါသည်။ ဆိုးသောသူများ၊ သူ၏ရန်သူများကိုပင် ချစ်သည်ဆိုပါလျှင် ကျွန်ုပ်တို့လည်း ချစ်ချင်စရာမကောင်းသောသူများအပေါ်၊ ကျွန်ုပ်တို့၏ရန်သူများကိုပင်လျှင် မည်သို့ချစ်ခြင်းမေတ္တာထားရမည်ကိုသင်ယူရပေမည်။ "သနားကြင်နာတတ်သောသူတို့သည် မင်္ဂလာရှိကြ၏၊ အကြောင်းမူကား သူတို့သည် သနားကြင်နာခြင်းခံကြရလိမ့်မည်" ဟု သခင်ယေဇူးမိန့်တော်မူခဲ့သည်မဟုတ်ပါလား။ (မာတေဦး ၅း၇)။ "သင်တို့၏အဖခမည်းတော်သည် သနားကြင်နာတော်မူသည့်နည်းတူ သင်တို့သည်လည်း သနားကြင်နာခြင်းရှိကြလော့" (လုကာ ၆း၃၆) မိန့်တော်မူခဲ့သည်မဟုတ်လော။ ရှင်ပေါလုကလည်း "သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူများ၊ သန့်ရှင်းမြင့်မြတ်၍ ချစ်ခင်တတ်သောသူများကဲ့သို့ သနားကရုဏာထားခြင်း၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် စိတ်ရှည်သည်းခံခြင်းတို့ကို ဝတ်ဆင်ကြလော့။" (ကော်လောဆဲ ၃း၁၂) ဟု သူ၏အသင်းတော်သားတို့အား မိန့်ဆိုလျက် ဖိတ်ခေါ်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ယုံကြည်ကြပါလျှင် ကျွန်ုပ်တို့သည်လည်း မည်သည့် နာကျင်ခံစားမှုနှင့် လိုအပ်မှု အခြေအနေကိုမဆို ခံယူတတ်အောင်၊ အရာရာကို ခွင့်လွှတ်၊ ကွယ်ကာသကဲ့သို့ အခြားသူတို့ကိုလည်း မည်သို့ကြည့်ရှုစောင့်ရှောက်ရမည်ကိုသိစေသော ထိုချစ်ခြင်းမေတ္တာက ဆွဲဆောင်ပါ လိမ့်မည်။

ဤသို့သက်ရှင်လျှောက်လှမ်းခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို သက်သေခံနိုင် သလို ဆုံတွေ့သမျှလူတို့အားလည်း ကူညီပေးနိုင်ရာမှ ဘုရားသခင်သည်ကြင်နာသနားခြင်းနှင့် ကြီးမြတ်လှ သော ချစ်ခြင်းမေတ္တာတော်နှင့်ကြွယ်ဝတော်မူကြောင်းကိုလည်း ရှာဖွေတွေ့ရှိပါလိမ့်မည်။

*Fabio Ciardi*